မြန်မာခရစ်ယာန်မိသဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F___ Volume 11/ Issue 10 / October / 2018*

## ငါ့ကိုအောက်မေ့ဘို့ရာဤသို့ပြုကြလော့

***This do in Remembrance of Me***

***World Communion Sunday***

***October 7, 2018***





ကိုယ်တော်သည် အချိန်ရောက်မှ တမန်တော်တကျိပ်နှစ်ပါးတို့နှင့်အတူ စားပွဲ၌ လျောင်းတော်မူ၍၊
ငါသည် အသေမခံမှီ ဤပသခါပွဲကို သင်တို့နှင့်အတူ စားခြင်းငှါ အလွန်အလိုရှိလေပြီ။ ငါဆိုသည်ကား၊
ဘုရာသခင်၏နိုင်ငံတော်၌ပသခါပွဲမပြည့်စုံမှီတိုင်အောင် ယခုမှစ၍ဤပွဲကိုတဖန်ငါမစားရဟုမိန့်တော်မူလျက်၊
ခွက်ဖလားကိုယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ၊ ဤခွက်ကိုယူ၍ အချင်းချင်းဝေကြလော့။ ငါဆိုသည်ကား၊
ဘုရားသခင်၏နိုင်ငံတော် မတည်မှီတိုင်အောင်ယခုမှစ၍ စပျစ်ရည်ကိုတဖန် ငါမသောက်ရဟု မိန့်တော်မူ၏။
ထိုအခါ မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်း ပြီးမှ မုန့်ကိုဖဲ့၍၊ ဤမုန့်ကား သင်တို့အဘို့အလို ငါစွန့်သော
ငါ၏ကိုယ် ဖြစ်၏။

**ငါ့ကိုအောက်မေ့ဘို့ရာဤသို့ပြုကြလော့ မိန့်တော်မူ၏။**

ထိုနည်းတူညစာစား ပြီးမှခွက်ကိုလည်းယူ၍၊ ဤခွက်ကားသင်တို့အဘို့အလိုငှါ သွန်းသောငါ၏အသွေး၌

## 2018, BCF October Events

| October 2018 | | | | | | |
|---|---|---|---|---|---|---|
| SUN | MON | TUE | WED | THU | FRI | SAT |
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | | | |

***B.C.F. September Events***

*10- 07-2018 ... Holy Communion*

*10-14-18 ... Preacher Appreciation Day*

*10- 21-2018 ... Regular Sunday Service*

*10-28-2018 ... Regular Sunday Service*




***B.C.F Worship time***

*Sunday Service ... 2:00PM*

*Children Sunday School ... 2:15 PM*

*BCF Youth ... 2:15 PM*

***B.C.F Worship Place***

*1337 Farmstead Ave*

*La Puente, CA 91745*



# Appreciation

## To B.C.F

# Pastors and Preachers

Dear,

B.C.F. Pastors and Preachers and Teachers . . .
Rev. Henry Ang , Rev. Livingstone Zan, Rev. Than Tun Myat, Rev. Martin Nyun, Sayama Hsimu Shein, Saya Tom Wan, and Saya Thura Phyo .

| | |
|---|---|
| Thank You . . . . . . | For the countless times you have stretched out your hands in service to others in time of need. |
| Thank You . . . . . . | For the Sundays and many, many hours in preparations for your great sermons. |
| Thank You . . . . . . | For the thousands of prayers you prayed for your congregations and others. |
| Thank You . . . . . . | For the time spent out of church to help those who needed help, or needed a friend. |
| Thank You . . . . . . | For not judging people, and always embracing everyone with open arms |
| Thank You . . . . . . | For the wise counsel and encouragement . |

Romans 15:13
*May the God of hope fill you with all joy and peace in believing, so that by the power of the Holy Spirit you may abound in hope.*

## Pastor and Preacher

Preacher and pastor both serve the church. They work to teach about God and take care of His flock. Although they are rather different job titles, a preacher is often confused with a pastor. But their difference isn't really that mystifying at all.

**Pastor** . . . Pastor came from a Latin word which means "shepherd", so basically a pastor is someone who is given the task to take care of the people of the church. There are a variety of responsibilities that come along with the title. And one of them is preaching. A pastor speaks and teaches the Word of God to his congregation. However, he is not limited to the pulpit. In order to effectively care for his congregation, he performs social works, do house visits, visit the sick or do attend special gatherings.

**Preacher** . . . Simply put, a preacher is someone who preaches. Anyone can be a preacher as long as he knows how to preach and what to preach. Unlike a pastor, a preacher doesn't have responsibilities outside preaching, but he isn't limited to the pulpit either. A preacher can go to different places and perform his job of spreading the word of God. Because he has that special talent of speaking so convincingly, a preacher has the ability to move people and influence them at the same time.

**Difference between a Pastor and a Preacher** . . . All pastors are preachers, as it is part of their job description; however, a preacher is not necessarily a pastor. A pastor who preaches well are sometimes called preacher as an added title. A preacher is a natural at delivering effective message center stage. A degree in theology or divinity-related studies is usually a requisite to being a pastor while it isn't necessary to become a preacher. The work of a preacher rests on preaching, but being a pastor demands greater responsibilities particularly taking care of his fellow church members.
A pastor may lead a different role as a preacher, however, it doesn't follow that one is more superior over the other. Each title dictates a role which has a distinct purpose for God's Kingdom.

# အသက်ရှင်သောနှုတ်ကပတ်တော်၏တန်ခိုး

– ကျေးဇူးတော် –

ရှင်လုကာ အခန်းကြီး(၇) ထဲမှာ၊ သခင်ယေရှု နာဣန်မြို့ကို ရောက်လာတဲ့အခါ – အသုဘ လုပ်နေတဲ့အရာကို တွေ့ရပါတယ်။ မုဆိုးမတစ်ယောက်က သူ့ရဲ့တစ်ဦးတည်းသောသား အသက်ဆုံးသွားတဲ့အတွက်ကြောင့် အရမ်းဝမ်းနည်းနေတယ်။

ရှင်လုကာ (၇း၁၃) မှာ – "သခင်ဘုရားသည် ထိုမိန်းမကိုမြင်လျှင် သနားခြင်းစိတ်တော်ရှိ၍၊ မငိုနှင့်ဟုမိန့်တော်မူလျက်" ယေရှုက မငိုနဲ့လို့ပြောရင် မငိုဖြစ်အောင် အားလုံး မစပေးမှာဖြစ်တယ်။

ဘုရားသခင်က ကျွန်တော်တို့ကို ဖြောင့်မတ်ပြီလို့ပြောတဲ့အခါမှာ လုံးဝဖြောင့်မတ်သောသူဖြစ်အောင် လုပ်ပေးပြီးမှ ဖြောင့်မတ်တယ်လို့ ပြောတာဖြစ်တယ်။ ဘုရားသခင်က အနန္တတန်ခိုးရှင်ဖြစ်တဲ့ အတွက်ကြောင့် နှုတ်ကပတ်တော်က အသက်ရှင်တယ်။ မငိုနဲ့လို့ပြောရင် နှုတ်ကပတ်တော်က အသက်ရှင်ပြီးမှ အလုပ်လုပ်ပေးတဲ့ အရာကို တွေ့ရပါတယ်။ ဒီအရာက ယုံကြည်ခြင်း အသက်တာဖြစ်ပါတယ်။

တပည့်တော်တွေကို ဧဝံဂေလိ ဟောပြောဖို့သွားခိုင်းတဲ့ အချိန်မှာလည်း ဒီလိုပဲသွားခိုင်းတာမဟုတ်ပါဘူး။ တန်ခိုးပေးတယ်။ ဆုတောင်းပေးမယ် ဆိုရင် ရောဂါပျောက်စေမယ်။ နတ်ဆိုးကိုလည်း မောင်းထုတ်လို့ရမယ်။ တောခွေးရှိတဲ့ နေရာမှာ သိုးသငယ်ကို စေလွှတ်လို့ ရတယ်လို့ – ကျမ်းစာထဲမှာ ရေးထားပါတယ်။ သိုးသငယ် တစ်ကောင်ကို စေလွှတ်တဲ့အခါမှာ တောခွေးတွေက စားပစ်လိုက်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ သိုးသငယ်ကို စေလွှတ်တဲ့အချိန်မှာ သိုးသငယ်ကိုပဲ စေလွှတ်လိုက်တာ မဟုတ်ပါဘူး။ သခင်ယေရှုလည်း ပါတယ်။ (၂ကော၊၆း၁) မှာ "သင်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို အကျိုးမဲ့ မခံကြနှင့်၊ ငါတို့သည် အမှုတော်ကို ဆောင်ရွက်သော သူချင်းဖြစ်ရန် – – " ဒီကျမ်းပိုဒ်က အင်မတန် အရေးကြီးတဲ့ ကျမ်းပိုဒ် ဖြစ်ပါတယ်။

ဘုရားသခင်က ကျွန်တော်တို့နဲ့ အမှုတော်ဆောင်ရွက်သောသူချင်း ဖြစ်တယ်။
သိုးသငယ်က တောခွေးစုထဲကို သွားတဲ့အချိန်မှာ အမှုတော်ဆောင်ရွက်သူချင်း ဖြစ်တဲ့
သခင်ယေရှု ပါတယ်။ စိုးရိမ်စရာပူပန်စရာအကြောင်း ဘာမျှမရှိဘူး။
ဒီနှုတ်ကပတ်တော်တန်ခိုးကို ခံစားရပါတယ်။ အာမင်။

## – စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့သော အသက်တာကိုရရှိရန် –



သုတ္တံ၊၁၇း၂၂။ ။ စိတ်ရွှင်လန်းခြင်းသည် ကျန်းမာစေတတ်၏။
စိတ်ပျက်ခြင်းမူကား၊ အရိုးတို့ကိုသွေ့ခြောက်စေတတ်၏။
သုတ္တံ၊၁၅း၁၃။ ။ ရွှင်လန်းသောစိတ်နှလုံးသည် ချိုသောမျက်နှာကို ဖြစ်စေတတ်၏။
ညှိုးငယ်ခြင်းအားဖြင့်ကား၊ စိတ်ပျက်တတ်၏။
ဆာလံ၊၁၉း၈။ ။ ထာဝရဘုရား၏ နည်းဥပဒေသတို့သည် ဖြောင့်မတ်သည်ဖြစ်၍
စိတ်နှလုံးကိုရွှင်လန်းစေတတ်၏။

- အပြစ်တင်ဝေဖန်ခြင်းကို ဝမ်းမြောက်စွာလက်ခံပါ။
- အနီးကပ်ဆုံးရန်သူနှင့် ငြိမ်းချမ်းစွာလက်တွဲပါ။
- မိမိဖြစ်ချင်သလို ဖြစ်ရမည်ဟု ကျိန်းသေမတွက်ထားနှင့်။
- ဘယ်သူမပြု မိမိမှု၊ ဆိုတာကို နားလည်လက်ခံပါ။
- သည်းခံတတ်အောင် လေ့ကျင့်လုပ်ပါ။
- စိတ်တိုင်းမကျ၊ မကျေနပ်ပါက မိမိကိုယ်ကိုပြန်ဆန်းစစ်ပါ။
- မကောင်းမြင်ဝါဒကို စွန့်လွှတ်ပါ။
- သတိလက်လွှတ်မခံ အစဉ်သတိရှိစေပါ။
- ပြုပြင်ပြောင်းလဲမှုကို လက်ခံပါ။
- သနားကြင်နာစိတ်ကို မွေးမြူပါ။
- ခွင့်လွှတ်အောင် လေ့ကျင့်ပါ။
- တပါးသူအပေါ် နားလည်ပေးပါ။
- စာနာစိတ်ကို လက်ကိုင်ထားပါ။
- မနာလိုခြင်း၊ စိတ်နာကျည်းခြင်း မရှိနှင့်။
- စိတ်လှုပ်ရှားမှုကို ထိန်းသိမ်းပါ။
- ငြင်းခုန်မှုကို ရှောင်ရှားပါ။
- မျက်နှာကို အမြဲပြုံးထားပါ။
- ဝမရှိဘဲ ဝိမလုပ်ပါနှင့်။
- အရှိကိုအရှိအတိုင်း လက်ခံပါ။
- ကိုယ့်ထက်တပါးသူကို ဦးစားပေးပါ။
- ဟန်ဆောင်မှုကင်းအောင်နေပါ။
- သံသယကို စီစစ်ပါ။
- ပျော်ရွှင်ချမ်းမြေ့ခြင်းဟူသည် အပြင်ကလာသည်မဟုတ်၊ အတွင်းစိတ်မှလာကြောင်းကို သဘောပေါက်ပါ။

[သမ္မာကျမ်းချက်နှင့်ဘဝပေးသင်ခန်းစာမှကောက်နှုတ်ချက်]